Myanmar Red Cross Society

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | ယာဉ်မောင်း |
| အရေအတွက် | : | (၁)ဦး |
| ဌာန | : | အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတတ်ရေးဌာန |
| အစီရင်ခံတင်ပြမှု | : | စီမံရေးရာအရာရှိနှင့်မော်တော်ယာဉ်မှူး |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ရန်ကုန် |
| Grade | : | B2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့် ရောဂါဘယအာမခံ + လုပ်ငန်းတွင်း သင်တန်းများ + ခရီးသွားစားရိတ် + ရှောင်တခင်ခွင့် + ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၁၃၊၀၅၊၂၀၁၉ ၊ (၁၆:၃၀) နာရီ** |

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၏** စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ရှားဆောင် ရွက်လျက်ရှိသော အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတတ်ရေးဌာနတွင် အထက်ပါဝန်ထမ်း (၁)နေရာ လစ်လပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်အခါမရွေး ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ ယာဉ်မောင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတတ်ရေးဌာန၏ ရုံးလုပ်ငန်းများ၊ စီမံချက်မြို့နယ်များသို့ ခရီးသွားလာခြင်းများနှင့် အရေးပေါ်အခြေအနေများတွင် အသင်းပိုင်မော်တော်ယာဉ်ကိုမောင်းနှင်ပေးရန် ဖြစ်ပါသည်။

**လုပ်ဆောင်ရမည့်တာဝန်နှင့်ဝတ္တရားများ**

(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်းစည်းကမ်းပါစည်းကမ်းချက်များနှင့်အညီမောင်းနှင်ရမည်။

(၂) သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များ ကိုနားလည်သိရှိပြီး လိုက်နာဆောင်ရွက်ရမည်။

(၃) မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းပိုင်မော်တော်ယာဉ်ကို အသင်း၏ အုပ်ချုပ်ရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ ပြုပြင်ထိန်းသိမ်းနိုင်ရမည်။

(၄) မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာ သုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသောယာဉ်ပြုပြင်ရန်ကိရိယာပစ္စည်းများ၊ ရှေးဦးပြုစုခြင်းလုပ်ငန်းသုံးပစ္စည်းတို့ကို စနစ်တကျအသုံးနိုင်ပြုရမည်။

(၅) မော်တော်ယာဉ်အကြောင်းကောင်းစွာနားလည်ပြီး နယ်မြေလမ်းကြောင်းအခြေအနေပေါ်မူတည်၍ ကောင်းစွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

(၆) ယာဉ်ပြင်ကိရိယာများအကြောင်း ကောင်းစွာနားလည်ပြီး အသုံးပြုနိုင်သူဖြစ်ရမည်။

(၇) မိမိတာဝန်ကျယာဉ်ကို နေ့စဉ်မော်တော်ယာဉ်စစ်ဆေးမှုအတွက် သတ်မှတ်ထားသောပုံစံပါ အချက်များအတိုင်း စစ်ဆေးရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

*MRCS _GRC for OD Department/SS&DRMC Project - 05/05/2019* *(063)*

(၈) မော်တော်ယာဉ်နှင့်ပတ်သက်သောအသေးစားပြင်ဆင်မှုများအတွက်စစ်ဆေးနိုင်ပြီးပြင်ဆင်နိုင်ရမည်။
(၉) မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှတ်တမ်းများ၊ စက်သုံးဆီစာအုပ်များကို မော်တော်ယာဉ်စည်းစည်းကမ်းများအတိုင်း ထိန်းသိမ်းဖြည့်စွက်နိုင်သူဖြစ်ရမည်။
(၁၀) ရုံးစည်းကမ်းပါအလုပ်သတ်မှတ်ချက်အတိုင်းလုပ်ငန်းဆောင်ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန်လိုအပ်ပါက လေးစားစွာနာခံဆောင်ရွက်ရမည်။
(၁၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ မိမိယာဉ်အတွက်သုံးစွဲသော ငွေစာရင်းအား ဖြည့်စွက်နိုင်သူဖြစ်ရမည်။
(၁၂) ယာဉ်မောင်းလိုင်စင်သက်တမ်းကို အစဉ်အမြဲစောင့်ကြည့်သက်တမ်းတိုးမြှင့်ထားရှိရမည်။
(၁၃) ကား၏ပုံမှန်ပြင်ဆင်မှုများအတွက် တာဝန်ရှိသူကို (၅)ရက် ကြိုတင်တင်ပြရမည်။
(၁၄) ခရီးသွားစဉ် လိုက်ပါလာသည့်တာဝန်ရှိကြီးကြပ်သူ၏ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။
(၁၅) လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သောစာပို့၊ စာယူလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်ရမည်။
(၁၆) မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ယာဉ်အုပ်ချုပ်ရေးစနစ်စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို စာချုပ်ပြီးဆုံးသည့်တိုင် လုံခြုံစွာ ထိန်းသိမ်းကာကွယ်နိုင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) အထက်တန်းပညာသင်ကြားခဲ့သူဖြစ်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံ ရှိရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- တာဝန်ချိန်ကို အပြည့်အဝထမ်းဆောင်နိုင်သူဖြစ်ရမည်။
- မော်တော်ယာဉ်အသေးစားပြင်ဆင်မှု လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- သက်တမ်းအကုန်ဆုံးသေးသော ယာဉ်မောင်းလိုင်စင်လက်ဝယ်ရှိရမည်။
- အရေးပေါ်အခြေအနေများတွင် အရေးပေါ်တာဝန်ပေးအပ်ပါက နေ့/ညမရွေးဆောင်ရွက်နိုင်သောသူ ဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- **အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။**

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/PDF Version ဖြင့်-

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@gmail.com သို့လိပ်မူကာ ပေးပို့ရမည်။ အသေးစိတ်အချက်အလက်များအား www.redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်း ရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

*MRCS _GRC for OD Department/SS&DRMC Project - 05/05/2019* *(063)*